DIPD

DANISH INSTITUTE FOR
PARTIES AND DEMOCRACY

# အမျိုးသမီးများ

# ပါဝင်မှု



## ၂၀၁၅ ရွေးကောက်ပွဲ

## မြန်မာ

STEP
DEMOCRACY
ရှေ့သို့မြန်မာ

# အကဲဖြတ်ချက်စာတမ်း

## မာတိကာ


| | | |
|---|---|---|
| ၁ | နိဒါန်း | စာမျက်နှာ ၃ |
| ၂ | နောက်ခံသမိုင်းနှင့် အကဲဖြတ်စစ်တမ်းကောက်ယူနည်းစနစ် | စာမျက်နှာ ၆ |
| ၃ | တွေ့ရှိချက်များ | စာမျက်နှာ ၇ |
| ၄ | သုံးသပ်ချက်များ | စာမျက်နှာ ၁၆ |
| ၅ | အကြံပြုချက်များ | စာမျက်နှာ ၁၇ |

## ၁။ နိဒါန်း

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်လွှတ်တော်ရွေးကောက်ပွဲများသည် မြန်မာ့နိုင်ငံရေးသမိုင်း၌ သိသာထင်ရှားသည့် မှတ်တိုင်တစ်ခုဖြစ်သည်။ အဆိုပါရွေးကောက်ပွဲများသည် ၂၅ နှစ်တာကာလတွင် ပထမဆုံးအကြိမ် ပွင့်လင်းမြင်သာပြီး ယုံကြည်စိတ်ချရသည့် ရွေးကောက်ပွဲများဖြစ်ခဲ့သည်။ ထိုရွေးကောက်ပွဲများမှတဆင့် အစိုးရ သစ်တစ်ခုအား ဖော်ထုတ်နိုင်ခဲ့ပြီး ယခင်အတိုက်အခံဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် ယခုအချိန်တွင် လွှတ်တော်နေရာအများစုဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ ယင်းကဲ့သို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ စိတ်လှုပ်ရှားဖွယ်ကောင်းလောက်သော အောင်ပွဲခံအနိုင်ရမှု ရလဒ်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) က သဘောထားကြီးစွာ အသိအမှတ်ပြုလက်ခံခဲ့သော ကြောင့် ၎င်းအချက်သည် အာဏာအား ငြိမ်းချမ်းစွာလွှဲပြောင်းမည့် အသွင်သဏ္ဍာန်ကို ပြသနေသည်။

အရေးပါသောရွေးကောက်ပွဲကာလအတွင်း အမျိုးသမီးများသည် မဲဆွယ်စည်းရုံးလှုံ့ဆော်ရေးများနှင့် ရွေးကောက်ပွဲများတွင် အင်တိုက်အားတိုက်ပါဝင်ခဲ့ကြသည်။ အမျိုးသမီးများသည် အမတ်လောင်းများ၊ မဲဆွယ် စည်းရုံးလှုံ့ဆော်သူများ၊ လုပ်အားပေးများ၊ မဲရုံကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် မဲဆန္ဒရှင်အသိပညာပေးသူများအနေနှင့် အရေးကြီးသည့်ပံ့ပိုးမှုများ ပေးခဲ့ကြသည်။ ဤအခွင့်အရေးသစ် အောက်တွင် အမျိုးသမီးများသည် မှတ်တမ်းတင်လောက်သည့် အရေအတွက်ဖြင့် ရွေးချယ်ခန့်အပ်ခံရပြီး လွှတ်တော်နစ်ရပ်စလုံး၏ ၁၃ ရာခိုင်နှုန်းအား ယခုအချိန်တွင် အမျိုးသမီးများမှ နေရာယူထားလျှက်ရှိသည်။ ၎င်းသည် ယခင်လွှတ်တော်အတွင်း သူတို့ရရှိခဲ့သည့် နေရာအရေအတွက်ထက် သုံးဆပိုမိုများပြားသည့် ပမာဏ လည်းဖြစ်သည်။ အားလုံးခြုံငုံကြည့်လျှင် လတ်တလောရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် အမျိုးသမီး များ၏ ပါဝင်ဆောင်ရွက်မှုသည် ရွေးကောက်ပွဲလုပ်ငန်းစဉ် အောင်မြင်စွာပြီးမြောက်နိုင်ခဲ့ခြင်းအတွက် အဓိက ကျသည်။

၂၀၁၅ မဲဆွယ်စည်းရုံးလှုံ့ဆော်မှုများနှင့် ရွေးကောက်ပွဲများသည် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုအတွက် စိတ်လှုပ်ရှားဖွယ်ကောင်းသည့် တိုးတက်မှုအား ကိုယ်စားပြုသော်လည်း မြန်မာနိုင်ငံ၏ လွှတ်တော်အတွင်း အမျိုးသမီးများ၏ကိုယ်စားပြုမှုသည် အရှေ့တောင်အာရှရှိ အခြားနိုင်ငံအများစုထက် နောက်ကျကျန်နေဆဲ ဖြစ်သည်။ အမျိုးသမီးများအနေနှင့် အမျိုးမျိုးသောစိန်ခေါ်မှုများအား နိုင်ငံရေးနယ်ပယ်တွင် ရင်ဆိုင်နေကြရပြီး ထိုအထဲတွင် အစိုးရ၏ထိပ်ပိုင်းခေါင်းဆောင်ရာထူးများ မရရှိနိုင်ခြင်း၊ နိုင်ငံရေးပါတီခေါင်းဆောင်မှုတွင် အကန့်အသတ်နှင့်သာ ကိုယ်စားပြုနိုင်ခြင်း၊ ပါတီများအတွင်း ဆုံးဖြတ်ချက်ချခြင်းတွင် ပါဝင်မှုနည်းပါးခြင်းနှင့် နိုင်ငံရေးတွင် အမျိုးသမီးများအား အလားအလာရှိသည့် ခေါင်းဆောင်များအဖြစ် အများပြည်သူ၏အမြင်တွင် မမြင်ပဲ ခွဲခြားဆက်ဆံသည့် သဘောများ ပါဝင်သည်။ ၎င်းကဲ့သို့ ကိုယ်စားပြုမှုမရှိခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း တွင်ပါဝင်ခွင့်မရှိခြင်းတို့သည် မူဝါဒဖော်ထုတ်ရေးလုပ်ငန်းစဉ်အတွင်း အမျိုးသမီးကိစ္စရပ်များအား ထည့်သွင်း

စဉ်းစားရန် ပျက်ကွက်ခြင်း သို့မဟုတ် ၎င်းတို့၏လိုအပ်ချက်များနှင့် တောင်းဆိုချက်များအား ထည့်သွင်း စဉ်းစားရန် ပျက်ကွက်ခြင်းတို့ကဲ့သို့သော အများပြည်သူမူဝါဒဆိုင်ရာ အခင်းအကျင်းတစ်ခုအား ဦးတည်လျှက် ရှိသည်။

ဤအကဲဖြတ်ချက်စာတမ်းသည် ၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသမီးများ၏ပါဝင်ဆောင်ရွက်ခြင်းအပေါ် အဓိက မေးခွန်းသုံးခုအား ဆန်းစစ်သည် - ၁) ၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသမီးများသည် အမတ်လောင်း များအဖြစ် မည်ကဲ့သို့ ပါဝင်ယှဉ်ပြိုင်ခဲ့သနည်း။ ၂) အမျိုးသမီးများသည် မဲဆွယ်စည်းရုံးလှုံ့ဆော်သူများ၊ လုပ်အားပေးများ၊ မဲရုံကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် မည်ကဲ့သို့ ပါဝင် ဆောင်ရွက်ခဲ့သနည်းနှင့် ၃) ပါတီမူဝါဒများနှင့် ရွေးကောက်ပွဲကြေညာစာတမ်းများတွင် အမျိုးသမီးရေးရာ ကိစ္စရပ်များအား မည်သည့်အတိုင်းအတာဖြင့် ထည့်သွင်းစဉ်းစားသည် စသည်တို့ဖြစ်သည်။ အကဲဖြတ်မှုသည် ရွေးကောက်ပွဲအလွန်ကာလတွင် နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုအတွက် ပါတီများနှင့်ဒီမိုကရေစီဆိုင်ရာ ဒိန်းမတ်အင်စတီကျု (DIPD) ၏ အစီအစဉ်ရေးဆွဲခြင်းတွင် အချက်အလက်များပေးနိုင်မည်ဖြစ်ပြီး DIPD အပြင် ၎င်း၏လုပ်ဖော်ကိုင်ဘက်များနှင့် မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများပိုမိုပါဝင်လာရေး အရေးဆိုနေသည့် အခြားအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကိုပါ သတင်းအချက်အလက်များ ပေးနိုင်မည်ဖြစ်သည်။

အကဲဖြတ်မှု၏ အဓိကတွေ့ရှိချက်များတွင်ပါဝင်သည်မှာ အမျိုးသမီးများအနေဖြင့် အမတ်လောင်းများ၊ မဲဆွယ်စည်းရုံးရာတွင် လုပ်အားပေးသူများ၊ မဲဆန္ဒရှင်ဆိုင်ရာအသိပညာပေးသူများ၊ မဲရုံကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေနှင့် မြင့်မားသည့်အဆင့်များတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်း တို့ဖြစ်သည်။ အမျိုးသမီးများသည် အမတ်များအနေနှင့် မကြုံဖူးသည့် အရေအတွက်ဖြင့် ရွေးချယ်ခံရပြီး ယခုအချိန်တွင် နိုင်ငံတော်အဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်လွှတ်တော်တို့တွင် အမျိုးသမီးများ၏ ပါဝင်မှုမှာ ၁၃ ရာခိုင်နှုန်းဖြစ်သည်။ ထိုအောင်မြင်မှုများရှိသော်လည်း အမျိုးသမီးများအနေနှင့် ပါတီမှ အမည်စာရင်းတင်သွင်းရာတွင် ပါဝင်ရန်နှင့် ပံ့ပိုးမှုများရရှိရန်တို့အတွက် ပါတီများအား မှီခိုနေရဆဲဖြစ်ပြီး အကြောင်းမှာ ပါတီ၏အမည်သည် ရွေးကောက်ပွဲတွင် မဲပေးမှုအပေါ် ကြီးစွာအဆုံးအဖြတ်ပေးသောကြောင့် ဖြစ်သည်။ ပါတီများအနေနှင့် အမျိုးသမီးများအား အမတ်လောင်းများအဖြစ် ရွေးချယ်သည့်နှုန်းမှာ အမျိုးသား များထက် ပို၍နည်းပါသည်။ ထို့အပြင် ပါတီအများစုသည် အမျိုးသမီးများဆိုင်ရာကိစ္စရပ်များနှင့် စိုးရိမ်ရမှုများ အတွက် ၎င်းတို့၏ ရွေးကောက်ပွဲမူဝါဒကြေညာစာတမ်းတွင် နေရာအနည်းငယ်သာပေးထားသည်။ အမျိုးသမီး ကိစ္စရပ်ကိုဖော်ပြသည့် ပါတီအနည်းငယ်တို့ပင်လျှင် အမျိုးသမီးများနှင့်ဆိုင်သော အဓိကမူဝါဒများအားမည်သို့ ကိုင်တွယ်မည်ဆိုသည့် အသေးစိတ်အချက်အလက် အနည်းငယ်သာပါဝင်သည်။ ပါတီ၏ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများ၏ကိုယ်စားပြုမှု အကန့်အသတ်ဖြင့်သာရှိခြင်းသည် အမျိုးသမီး များကို ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းမှု နှုန်းနည်းခြင်းနှင့် မူဝါဒရေးဆွဲရာတွင် အမျိုးသမီးနှင့် ဆိုင်သောကိစ္စများ အကန့်အသတ်နှင့်သာ ပါဝင်နိုင်ခြင်းများကို ဖြစ်စေသည်။ ထိုအားနည်းချက်များကြောင့်

အမျိုးသမီးများအနေနှင့် ခေါင်းဆောင်များဖြစ်လာရန်နှင့် ငြိမ်းချမ်းရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့ကဲ့သို့သော အမျိုးသမီးများနှင့် အဓိကသက်ဆိုင်သော မူဝါဒများအား ကိုင်တွယ်ရာတွင် အဟန့်အတားများကို ဖြစ်စေသည်။

**အောက်ပါပုံတွင် - အသစ်ရွေးချယ်ခံရသော အမျိုးသမီးလွှတ်တော်အမတ်များနှင့် အမျိုးသမီးနိုင်ငံရေး ခေါင်းဆောင်များအား နေပြည်တော်တွင် အမျိုးသမီးလွှတ်တော်အမတ်များက ၄င်းတို့၏ အတွေ့အကြုံများ အား ဝေငှနေပုံ။**



# ၂။နောက်ခံသမိုင်းနှင့် အကဲဖြတ်စစ်တမ်းကောက်ယူနည်းစနစ်

ပါတီများနှင့်ဒီမိုကရေစီဆိုင်ရာဒိန်းမတ်အင်စတီကျု (DIPD) သည် ၎င်း၏မြန်မာနိုင်ငံပါတီစုံဒီမိုကရေစီအစီအစဉ်မှတစ်ဆင့် ပါတီစုံဒီမိုကရေစီတစ်ခုအောက်တွင် ပါတီစုံတွေ့ဆုံဆွေးနွေးမှုများ စီစဉ်ပံ့ပိုးပေးသည့်အပြင် ပါတီများအားတာဝန်ယူမှုနှင့် ကိုယ်စားပြုမှုများ ဖြစ်ပေါ်လာနိုင်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များ ပြုလုပ်ပေးသည်။ အစီအစဉ်၏တစ်စိတ်တစ်ပိုင်းအနေနှင့် DIPD သည် ပါတီအတွင်းရှိ အမျိုးသမီးများအနေဖြင့် ခေါင်းဆောင်မှု၊ ဆုံးဖြတ်ချက်ချမှုနှင့် မူဝါဒရေးဆွဲမှုများတွင် ပိုမိုလက်လှမ်းမီပါဝင်နိုင်စေရန် ဖြည့်ဆည်းပေးသည်။ မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများနှင့် ပါတီစုံကွန်ယက်များတွင် အမျိုးသမီးများပါဝင်မှုအား မြှင့်တင်ရန် DIPD ၏ ကြိုးပမ်းအားထုတ်မှုများအား ပံ့ပိုးရန်အတွက် သမိုင်းဝင် ၂၀၁၅ ရွေးကောက်ပွဲတွင် မဲဆွယ်စည်းရုံးမှုများနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ၌ အမျိုးသမီးများ၏ပါဝင်မှုနှင့်ပတ်သက်ပြီး အကဲဖြတ်ချက်စာတမ်းတစ်ခုအား DIPD က လုပ်ဆောင်ခဲ့သည်။ အကဲဖြတ်မှုသည် ရွေးကောက်ပွဲလွန်ကာလ နိုင်ငံရေးတွင်ပါဝင်သည့် အမျိုးသမီးများအတွက် DIPD ၏အစီအစဉ်များအား ရေးဆွဲရာတွင် အချက်အလက်များပေးနိုင်မည်ဖြစ်သည့်အပြင် DIPD ကိုလည်းကောင်း၊ ၎င်း၏လုပ်ဖော်ကိုင်ဘက်များကို လည်းကောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေးအား အရေးဆိုနေသည့် အခြားအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ အမျိုးသမီးများ နိုင်ငံရေးတွင်ပိုမိုပါဝင်လာရေး နောက်ထပ်ကြိုးပမ်းမှုများကိုလည်း သတင်းအချက်အလက်များပေးနိုင်မည်ဖြစ်သည်။ ဤအကဲဖြတ်မှု၏ ရည်ရွယ်ချက်အား ခြုံငုံကြည့်ရှုပါက - **၂၀၁၅ မဲဆွယ်စည်းရုံးမှုများနှင့် ရွေးကောက်ပွဲများတွင် အမျိုးသမီးများ၏ ပါဝင်မှုနှင့်ဆိုင်သောလားရာနှင့် စွမ်းအားများကို အကဲဖြတ်ပြီး ပိုင်းခြားစိတ်ဖြာ သုံးသပ်ရန်ဖြစ်သည်။**

အဓိကသတင်းအချက်အလက်ပေးသူ ၅၂ ဦးနှင့်ပြုလုပ်သည့် အင်တာဗျူး (အမျိုးသမီးကိုယ်စားလှယ်လောင်း ၃၂ ဦးနှင့် မဲဆွယ်ရာတွင် လုပ်အားပေးသည့် အမျိုးသမီး ၂၀ ဦး)၊ ပစ်မှတ်ထားမေးမြန်းရန်လိုအပ်သည့် အုပ်စု ၄ ခုနှင့် အင်တာဗျူး၊ ပါတီ၏ပလက်ဖေါင်းများနှင့် မူဝါဒကြေညာစာတမ်းများတွင်ပါဝင်သော အကြောင်းအရာများအား ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းနှင့် မြန်မာနိုင်ငံရွေးကောက်ပွဲဖြစ်စဉ်တွင် အမျိုးသမီးများ၏ပါဝင်မှုအား အရည်အသွေး ဆန်းစစ်လေ့လာမှုနည်းလမ်းဖြင့် ပိုင်းခြားစိတ်ဖြာခြင်းတို့အား အခြေပြု၍ ဤအကဲဖြတ်မှုအား ပြုလုပ်ထားသည်။ အဓိကသတင်းအချက်အလက်ပေးသူများနှင့်ပြုလုပ်သည့် အင်တာဗျူးများနှင့် ပစ်မှတ်ထားမေးမြန်းရန်လိုအပ်သည့် အုပ်စုများနှင့် အင်တာဗျူးများအတွက် ကိုယ်စားလှယ်လောင်းများနှင့် လုပ်အားပေးများအား ရွေးချယ်ရာတွင် မြန်မာနိုင်ငံ၏ လူမျိုးစုံလင်မှုအား ထင်ဟပ်နိုင်ရန် တိုင်းရင်းသားနောက်ခံမျိုးစုံထံမှ ရွေးချယ်ပြီး လူငယ်အမျိုးသမီးကိုယ်စားလှယ်လောင်းများနှင့် လူငယ်လုပ်အားပေးများကို ဦးစားပေးရွေးချယ်ထားသည်။ သုတေသနအား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလကြားတွင် လွတ်လပ်သည့် အတိုင်ပင်ခံပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ခင်မမမျိုးက ပြုလုပ်ခဲ့သည်။

# ၃။ တွေ့ရှိချက်များ

## နိုင်ငံရေးတွင်ပါဝင်သည့်အမျိုးသမီးများ - မြန်မာနိုင်ငံ၏အနေအထား

မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းနေသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကြိုတင်တွက်ဆလို့မရသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများနှင့် မကြုံဘူးသေးသော 'တံခါးဖွင့်လှစ်မှု' သည် သိသာထင်ရှားသည့်ပြောင်းလဲမှုများ ဖြစ်လာရန်အတွက် လမ်းခင်းပေးသည်။ ပြည်သူလူထုအကြား ပြောဆိုမှုအရ ကျား-မတန်းတူ ညီမျှမှုမရှိခြင်းသည် မြန်မာနိုင်ငံ၏ နေရာတကာတွင်မရှိဟုဆိုသော်လည်း တိုးပွားလာသည့် သက်သေအထောက်အထားများက ရှင်းလင်းစွာပြသနေသည်မှာ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုသည် နက်ရှိုင်းစွာနှင့် ကျယ်ပြန့်စွာ ဖြစ်ပွားလျက်ရှိသည်ဟုဆိုရမည်။ ထိုအချက်ကိုကြည့်ခြင်းဖြင့် အများပြည်သူကြားနှင့် နိုင်ငံရေးအခင်းအကျင်းအများစုတွင် အမျိုးသမီးများ၏ကိုယ်စားပြုမှုသည် သိသာစွာနည်းနေကြောင်း ပြသလျက်ရှိသည်။ ၂၀၁၁-၂၀၁၅ လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၄.၆ ရာခိုင်နှုန်းကိုသာ အမျိုးသမီးများကရရှိခဲ့သည်။ ကဏ္ဍအားလုံးကိုကြည့်ပါက အမျိုးသမီးများသည် ထိပ်တန်းဆုံးဖြတ်ချက်ချမှတ်သည့် အခန်းကဏ္ဍများတွင် ပါဝင်မှုမရှိကြပါ။ ကမ္ဘာအနှံ့ရှိ နိုင်ငံ ၁၈၉ ခုအား ပါလီမန်များအတွင်း အမျိုးသမီးပါဝင်မှုအချိုးဖြင့် အဆင့်များသတ်မှတ်သည့် အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂ (Inter-Parliamentary Union) မှရရှိသော အချက်အလက်များအရ ၂၀၁၁-၂၀၁၅ မြန်မာလွှတ်တော်သည် အဆင့် ၁၇၀ တွင် ရှိသည် (လတ်တလောရွေးကောက်ပွဲများအပြီးတွင်မူ မြန်မာနိုင်ငံ၏အဆင့်သည် ပို၍တက်လာမည်ဖြစ်သည်)။ ၂၀၁၄ ခုနှစ် ဖန်တီးအိမ်အဖွဲ့၏ အစီရင်ခံစာအရ ပြည်ထောင်စုအဆင့်မှစ၍ မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်များတွင် အမျိုးသမီးများပါဝင်မှုသည် သုံးရာခိုင်နှုန်းသာရရှိပြီး နိုင်ငံရေးပါတီများအတွင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီများတွင် ပါဝင်မှု ၁၀ ရာခိုင်နှုန်းသာရှိသည်။ အရေးကြီးသည့် ဆုံးဖြတ်ချက်ချခြင်းများတွင် အမျိုးသမီးများ၏ကိုယ်စားပြုမှုအဆင့်မှာ ပို၍နိမ့်ကျနေပြီး နိုင်ငံတော်အဆင့်ထက်စာလျှင် အောက်အဆင့်များတွင် ပို၍နိမ့်နေပါသည်။ လိင်အားအခြေပြု၍ ခွဲခြားဆက်ဆံခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေကတားမြစ်ထားသော်လည်း တန်းတူညီမျှမှုနှင့် အားလုံးပါဝင်မှုတို့အား အာမခံနိုင်စေသည့် မည်သည့်ပြဋ္ဌာန်းချက်မျိုးမှ ပြဋ္ဌာန်းထားခြင်းမရှိပါ။

## နိုင်ငံရေးပါတီ၏ လုပ်ဆောင်မည့် အစီအစဉ် သို့မဟုတ် ရွေးကောက်ပွဲမူဝါဒကြေညာစာတမ်းများတွင် အမျိုးသမီးများ အတွက်ထည့်သွင်းထားမှု

မြန်မာနိုင်ငံတွင် ပါတီအနည်းငယ်သာလျှင် မူဝါဒအရ ရွေးကောက်ပွဲနိုင်လျှင် ဘာလုပ်ပေးမည်ကို အသေးစိတ်ဖော်ထုတ်ထားပြီး အများစုမှာ အဓိကအားဖြင့် သီးခြားမူဝါဒများအား ညွှန်ပြခြင်းမရှိဘဲ ယေဘုယျကျသည့်

နိုင်ငံရေးဦးတည်ချက်များနှင့် နိုင်ငံရေးဆောင်ပုဒ်များအပေါ် အာရုံစိုက်လေ့ရှိသည်။ သို့သော် ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီတွင် အချို့သောပါတီများသည် နိုင်ငံရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးမှုကိစ္စရပ်များနှင့် ပတ်သက်သည့် သီးခြားမူဝါဒများပါဝင်သော မဲဆွယ်စည်းရုံးမှုအတွက် မူဝါဒကြေညာစာတမ်းများ ဖော်ထုတ်ခဲ့သည်။ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီ ၉၂ ပါတီအနက် နိုင်ငံရေးပါတီ လေးခုကသာလျှင် သူတို့၏ မူဝါဒကြေညာစာတမ်းထဲတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍများအား ထည့်သွင်းဖော်ပြထားသည်ဟု ပါတီမူဝါဒကြေညာစာတမ်းများအပေါ် ပြုလုပ်သည့်စစ်တမ်းက ပြသသည်။

## *အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)*

ပါတီ၏မူဝါဒကြေညာစာတမ်းများထဲတွင် အမျိုးသမီးများအား ထည့်သွင်းဖော်ပြထားသည့်ပါတီမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဖြစ်သည်။ NLD ၏ရွေးကောက်ပွဲဆိုင်ရာမူဝါဒကြေညာစာတမ်း၏ အခန်း ၉ တွင် ၎င်းတို့၏အမျိုးသမီးများနှင့်ပတ်သက်သည့် ကတိကဝတ်အား အောက်ပါအတိုင်း ဖော်ပြထားသည် -

၁။ အစိုးရ၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် လူမှုရေးအစရှိသော ကဏ္ဍအားလုံးတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ တန်းတူအခွင့်အရေးများရရှိစေရန် လက်ရှိဥပဒေများအား အကောင်အထည်ဖော်ရန် အတွက် ကျွန်ုပ်တို့ အားထုတ်သွားမည်။

၂။ အမျိုးသမီးများခံစားနေရသော ညှင်းဆဲဖိနှိပ်မှုများ၊ မလုံခြုံမှုများ၊ အကြမ်းဖက်မှုများနှင့် အခြားအနှောင့်အယှက်ပေးမှုများနှင့် ဗိုလ်ကျမှုများအားအဆုံးသတ်ရန်အတွက် ကျွန်ုပ်တို့ အရေးယူဆောင်ရွက်မည်။ အမျိုးသမီးများအနေနှင့် ၎င်းတို့အား အကာအကွယ်ပေးသည့် ဥပဒေဆိုင်ရာ အရင်းအမြစ်များနှင့် ရင်းနှီးအောင်ပြုလုပ်ပြီး သက်ဆိုင်သည့် အထွေထွေဗဟုသုတများအားလည်း ၎င်းတို့အားပေးရန် အားထုတ်မည်။

၃။ အမျိုးသမီးများအနေနှင့် မိသားစုအတွင်း မြေရပိုင်ခွင့်များအား ဆုံးရှုံးခြင်းကိုရှောင်ရှားနိုင်ရန် ဥပဒေဆိုင်ရာ အသိပညာများအား ကျွန်ုပ်တို့ မြှင့်တင်ပေးမည်။

၄။ တူညီသည့်အလုပ်များအတွက် အမျိုးသမီးအလုပ်သမားများသည် အမျိုးသားအလုပ်သမားများနှင့် တန်းတူအခကြေးများရရှိရန်နှင့် လုပ်ငန်းခွင်အတွင်း ရာထူးတိုးမြင့်ခြင်းတို့နှင့်ပတ်သက်၍ ကျား-မဆိုင်ရာခွဲခြားမှုများ မရှိစေရန် ဆောင်ရွက်သွားမည်။

၅။ ပညာရေးရရှိနိုင်မှုနှင့် ကျောင်းဝင်ရန်အတွက် လိုအပ်ချက်များနှင့်ပတ်သက်၍ ကျား-မဆိုင်ရာခွဲခြားမှုများ မရှိစေရန်အတွက် ဆောင်ရွက်သွားမည်။

၆။ အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်ကာလနှင့် သီးခြားကလေးပြုစုပျိုးထောင်ခြင်းတို့တွင် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုအား ရရှိရမည်ဖြစ်သည်။ အလုပ်လုပ်ကိုင်နေသော အမျိုးသမီးများအနေနှင့် မီးဖွား ခွင့်အား ဥပဒေနှင့်အညီရရှိခွင့် ရှိရမည်။

အထက်ဖော်ပြပါကြေညာစာတမ်းတွင်ပါဝင်သည့်အချက်များအား ကိုးကား၍ NLD သည် ကျား-မတန်းတူညီမျှမှု၊ လိင်အားအခြေပြုသည့်အကြမ်းဖက်မှု၊ အမျိုးသမီးများအတွက် မြေရပိုင်ခွင့်များ၊ အမျိုးသမီးများအတွက် အလုပ်သမားအခွင့်အရေးများ၊ အမျိုးသမီးများအတွက် ပညာရေးရပိုင်ခွင့်နှင့် အမျိုးသမီးများအတွက် ကျန်းမာရေး စောင့်ရှောက်မှုရပိုင်ခွင့်တို့နှင့်ပတ်သက်သည့် အထွေထွေမူဝါဒများအား ဖော်ထုတ်ထားသည်။

## *အမျိုးသားဒီမိုကရေစီအင်အားစု (NDF)*

အချို့သောပါတီများသည်လည်း ကျား-မရေးရာကိစ္စရပ်များအား ကိုင်တွယ်ရန် မူဝါဒများဖော်ထုတ်ခဲ့ကြသည်။ ဥပမာအားဖြင့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) သည် ၎င်းကြေညာစာတမ်း၏ လူမှု-စီးပွားရေးမူဝါဒ အစိတ်အပိုင်းပါ အခန်း (၃) တွင် အမျိုးသမီးများအား လူမှုအကာအကွယ်ပေးရေးမူဝါဒကို ကြေညာရာတွင် - "သက်ကြီးရွယ်အိုများ၊ မသန်မစွမ်းသူများ၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအား လူမှုရေးဆိုင်ရာ အကာအကွယ်ပေးမှုအပေါ် သင့်တော်သည့် အစီအစဉ်များ ချမှတ်သွားရန်" ဟူ၍ ပါရှိသည်။

## *အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (NDP)*

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (NDP) သည် ၎င်း၏မူဝါဒကြေငြာစာတမ်းတွင် အမျိုးသမီးများအား လူမှုရေးဆိုင်ရာ အကာအကွယ်ပေးရေးနှင့်ပတ်သက်ပြီး ၎င်း၏မူဝါဒအား ရှင်းလင်းစွာကြေညာခဲ့ကာ၊ ၎င်းတွင် လူကုန်ကူးမှုအား တိုက်ဖျက်ရန်၊ အမျိုးသမီးများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတွင် ထောက်ပံ့ပေးရန်နှင့် အလုပ်လုပ်နေသည့်မိခင်များအတွက် ကလေးသူငယ်စောင့်ရှောက်ရေးစင်တာအစီအစဉ်များ ထူထောင်ရန်တို့ အတွက် မူဝါဒများလည်း ပါဝင်သည်။

## *တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP)*

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP) တွင် အမျိုးသမီးများအား ထောက်ပံ့ဖြည့်ဆည်းပေးရန်မူများ ပါဝင်ပြီး၊ ၎င်း၏ မူနံပါတ် (၄) တွင် ကြေညာထားသည်မှာ လယ်သမားများ၊ အလုပ်သမားများ၊ လူငယ်များ၊ အမျိုးသမီးများနှင့် အသိပညာရှင်များအပါအဝင် နိုင်ငံသားအားလုံးသည် အကျိုးအမြတ်များရရှိရမည်။

### *အမျိုးသမီးပါတီ (မွန်ပြည်နယ်)*

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူသိများသည့် ထိုပါတီများအပြင် အမျိုးသမီးရေးရာများအပေါ် အာရုံစိုက်သည့် ဒေသဆိုင်ရာပါတီတစ်ခုမှာ အမျိုးသမီးပါတီ (မွန်ပြည်နယ်) ဖြစ်ပြီး၊ ၎င်းအား ၂၀၁၅ တွင် ဖွဲ့စည်းခဲ့သည်။ ထိုပါတီသည် အဓိကအားဖြင့် အမျိုးသမီးများဖြင့် ဖွဲ့စည်းထားသည်။ ၎င်း၏ရည်ရွယ်ချက်မှာ ယေဘုယျအားဖြင့် အမျိုးသမီးများ၏ ဘဝများအား ပိုမိုကောင်းမွန်လာအောင်ပြုလုပ်ပြီး ယနေ့နိုင်ငံရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍအား တည်ဆောက်ရန်ဖြစ်သည်။

### *မူဝါဒရေးဆွဲမှုများတွင် အမျိုးသမီးများ နိုးကြားသိရှိမှုနှင့်ပါဝင်မှု*

မဲဆွယ်စည်းရုံးရာတွင်ပါဝင်သည့် အမျိုးသမီးများနှင့် အမျိုးသမီးအမတ်လောင်းများကို ပါတီကြေညာစာတမ်းများထဲတွင် အမျိုးသမီးရေးရာကိစ္စရပ်များအား ထည့်သွင်းခြင်းနှင့်ပတ်သက်ပြီး မေးမြန်းသည့်အခါ ဖြေဆိုသူများ၏တစ်ဝက်က သူတို့၏ပါတီရှေ့လုပ်ငန်းစဉ်များထဲတွင် ကျား-မရေးရာနှင့်ပတ်သက်သည့် မူဝါဒများပါရှိကြောင်း ဖော်ပြကြသည်။ သို့သော်အများစုမှာ ထိုလုပ်ငန်းစဉ်များအား မည်ကဲ့သို့အကောင်အထည်ဖော်မည်ဆိုသည်ကို မသိကြပါ။ ကျန်တစ်ဝက်ကပြောသည်မှာ သူတို့၏ပါတီကြေညာစာတမ်းများထဲတွင် ကျား-မရေးရာနှင့်ပတ်သက်သည့်မူဝါဒများ မပါရှိဟုဆိုသည်။ အချို့သောအမျိုးသမီးများအနေနှင့် ထိုမူဝါဒများအား ပါတီကြေညာစာတမ်းများထဲတွင် ထည့်သွင်းရန် သို့မဟုတ် မပါမဖြစ်လိုအပ်သော်လည်း တစ်ခါမှမကြားဘူးကြပါ။

မူဝါဒရပ်တည်ချက်များအား မူကြမ်းရေးဆွဲရာတွင် အမျိုးသမီးများ၏အခန်းကဏ္ဍနှင့်ပတ်သက်ပြီး ဖြေဆိုသူအနည်းငယ်ကသာ သူတို့ထံ အကြံဉာဏ်များ တောင်းယူသည်ဟု ဆိုကြသော်လည်း မူဝါဒကိစ္စရပ်များသည် အမျိုးသားများအတွက် သီးသန့်နီးပါး ထားရှိသည်ဟုဆိုသည်။ အခြားဖြေဆိုသူများက ပါတီတွင်းမူဝါဒဆွေးနွေးပွဲများတွင် ပါဝင်ရန် အခွင့်အလမ်းလုံးဝမရှိဟု ဆိုကြသည်။ အချို့ကဆိုသည်မှာ မူဝါဒဖော်ဆောင်ရေးတွင် ပါဝင်ခွင့်ရှိသော်လည်း မည်သူကမှ မူဝါဒအမျိုးအစားနှင့် ချိတ်ဆက်ပါဝင်ခွင့်ရှိသည့်အဆင့်အား မဖော်ပြဟုဆိုသည်။ ဖြေဆိုသူအများစုအနေနှင့် နိုင်ငံရေးပါတီများထဲသို့မဝင်မီ ပါတီ၏ ရှေ့လုပ်ငန်းစဉ်များအား လေ့လာသုံးသပ်ခြင်းမရှိကြကာ အချို့သောအမျိုးသမီးများကသာ ပါတီအဖွဲ့ဝင်ဖြစ်လာရန်အတွက် အဓိကအကြောင်းရင်းမှာ အမျိုးသမီးကိစ္စရပ်များမြှင့်တင်ရန်ဟုဆိုသည်။ နိုင်ငံရေးပါတီများထဲသို့ အမျိုးသမီးများဝင်ရောက်သည့် အဓိကအကြောင်းရင်းများမှာ နိုင်ငံရေးအပေါ်စိတ်ဝင်စားမှု၊ ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှု၊ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ရန်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်များချနိုင်ရန်နှင့် စူးစမ်းလေ့လာရန်အတွက်တို့ ဖြစ်သည်။

## *အမျိုးသမီးကိုယ်စားလှယ်လောင်းများ (ဝါ) အမတ်လောင်းများ*

မြန်မာနိုင်ငံတွင်ပြုလုပ်ခဲ့သည့် ၂၀၁၅ လွှတ်တော်ရွေးကောက်ပွဲများထဲတွင် နေရာပေါင်း ၁၁၇၁ နေရာအား ယှဉ်ပြိုင်ရပြီး ထိုအထဲတွင် ပြည်သူ့လွှတ်တော်မှာ ၃၃၀ နေရာ၊ အမျိုးသားလွှတ်တော်မှာ ၁၆၈ နေရာနှင့် ပြည်နယ်/တိုင်း ဒေသကြီးလွှတ်တော်မှာ ၆၇၃ နေရာတို့ ဖြစ်သည်။ ထိုနေရာများအတွက် ကိုယ်စားလှယ်လောင်း ၆၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယခင်ရွေးကောက်ပွဲများနှင့်ယှဉ်လျှင် ကိုယ်စားလှယ်လောင်းများအဖြစ် အမည်စာရင်းတင်သွင်းခံရသည့် အမျိုးသမီးအရေအတွက်မှာ များစွာပိုလာသည်။ အမျိုးသားလွှတ်တော်အတွက် အမျိုးသမီးကိုယ်စားလှယ်လောင်း ၁၂၂ ဦး၊ ပြည်သူ့လွှတ်တော်တွင် ၂၂၈ ဦးနှင့် ပြည်နယ်/တိုင်းဒေသကြီးနေရာများတွင် ၄၅၄ ဦး ရှိပြီး စုစုပေါင်း အမျိုးသမီးကိုယ်စားလှယ်လောင်း ၈၀၄ ဦး ရှိသည်။ NLD သည် အမျိုးသမီးကိုယ်စားလှယ်လောင်းအရေအတွက် အများဆုံးပါဝင်ခဲ့ပြီး ၁၆၈ ဦး (NLD ကိုယ်စားလှယ်လောင်း အားလုံး၏ ၁၅ ရာခိုင်နှုန်း) ရှိသည်။ သူ့၏နောက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) သည် အမျိုးသမီးကိုယ်စားလှယ်လောင်း ၇၂ ဦး တင်သွင်းခဲ့သည်။ တစ်နိုင်ငံလုံးအနေအထားနှင့် ယှဉ်ပြိုင်ခဲ့သည့်ပါတီ အားလုံးထဲတွင် NDF တစ်ခုတည်းသာလျှင် ၎င်း၏ကိုယ်စားလှယ်လောင်းစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြသည်။

## *အမည်စာရင်းတင်သွင်းမှု*

မြန်မာနိုင်ငံတွင် အမျိုးသမီးများနိုင်ငံရေးတွင်ပါဝင်မှုမှာ မူရင်းအားဖြင့် ပါတီများက အမျိုးသမီးကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမှုနှုန်းအရ ကြည့်၍ ဆုံးဖြတ်ပါသည်။ မဲဆန္ဒပေးသူများကလည်း ကိုယ်စားလှယ်လောင်းတစ်ဦးချင်းထက်စာလျှင် ပါတီကိုသာ ကြည့်၍ မဲပေးခဲ့ကြသည့် သဘောရှိသည်။ အထက်တွင် ဖော်ပြချက်အရ NDF သည် အမျိုးသမီးကိုယ်စားလှယ်လောင်း **ရာခိုင်နှုန်းအများဆုံး** အမည်စာရင်းတင်သွင်းပြီး NLD က အမျိုးသမီးကိုယ်စားလှယ်လောင်း **အရေအတွက်အများဆုံး** တင်သွင်းသည်ကိုတွေ့ရသည်။ မည်သို့ဆိုစေ အမျိုးသမီးကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမှုနှုန်းမှာ နည်းနေဆဲဖြစ်ပြီး မည်သည့်ပါတီမျှ ၂၀ ရာခိုင်နှုန်းထက် မကျော်ပေ။ ယေဘုယျအားဖြင့် အမျိုးသမီးကိုယ်စားလှယ်လောင်း တင်သွင်းမှုနှုန်း နိမ့်သည်ဟုဆိုသော်လည်း ၂၀၁၅ ရွေးကောက်ပွဲသည် ၂၀၁၀ ရွေးကောက်ပွဲနှင့်ယှဉ်လျှင် အမျိုးသမီးကိုယ်စားလှယ်လောင်း တင်သွင်းမှုနှုန်း သိသိသာသာတိုးလာသည်ဟု ဆိုရမည်။

ပါတီများ၏ အမျိုးသမီးကိုယ်စားလှယ်လောင်း တင်သွင်းမှု နှုန်းနိမ့်ရခြင်းကို ခြေရာခံပါက အကြောင်းအချက်တချို့ကြောင့်ဟု ဆိုရမည်။ ပါတီအများစုသည် ခေါင်းဆောင်မှုနေရာတွင် အမျိုးသမီးအနည်းငယ်သာပါဝင်ရာ ပါတီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်နေရာတွင် ပျမ်းမျှအားဖြင့် အမျိုးသမီး ၁၀ ရာခိုင်နှုန်းသာပါပါသည်။ ဖန်တီးအိမ်အဖွဲ့က အမျိုးသားပါတီခေါင်းဆောင်များကို မကြာခဏအင်တာဗျူးပြုလုပ်ရာတွင် ဖြေဆိုလေ့ရှိသည်မှာ အမျိုးသမီးများသည် ထိရောက်သည့် ခေါင်းဆောင်ဖြစ်လာရန် စွမ်းဆောင်ရည်မရှိဟုဆိုကြသည်။ ထိုသဘောထားသည် ပြည်သူများအပေါ် ထင်ဟပ်မှုရှိခဲ့သည်။ International Foundation for Electoral Systems (IFES) အဖွဲ့၏ မဲဆန္ဒရှင်များပါ ပါဝင်စေသော စစ်တမ်းကောက်ယူမှုအရ အချိုးမှာ အမျိုးသားကိုယ်စားလှယ်လောင်းလေးဦး ရွေးချယ်ပြီးချိန်မှသာ အမျိုးသမီးကိုယ်စားလှယ်လောင်းတစ်ဦး ပါဝင်နိုင်သည်ဟုဆိုပါသည်။

အမည်စာရင်းတင်သွင်းရန် မှတ်ပုံတင်ကြေးပေးသွင်းရမှုသည်လည်း အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် ကြီးစွာသော အတားအဆီးဖြစ်သည်။ ကိစ္စရပ်အများစုကို လေ့လာပါက အမျိုးသမီးအများစုသည် ရန်ပုံငွေရရှိမှုကို လက်လှမ်းမမီကြဟုဆိုသည်။ အချို့ကိစ္စရပ်များတွင် အဆိုပါအာမခံငွေကို နိုင်ငံရေးပါတီများက ၎င်းတို့၏ မဲဆွယ်မှုကို ငွေကြေးပံ့ပိုးရန် အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ်သတ်မှတ်ကာ ပေးသွင်းပေးကြသည်။ အခြားကိစ္စရပ်များတွင် ကိုယ်စားလှယ်လောင်းများသည် မြို့နယ်အဆင့် ကိုယ်စားလှယ်လောင်းရွေးချယ်ရာတွင်ပါဝင်နိုင်ရန် မြို့နယ်အဆင့်ခေါင်းဆောင်များထံ မှတ်ပုံတင်ကြေး၏ တစ်စိတ်တစ်ပိုင်းကို ပေးသွင်းကြရသည်။ ပါတီများက ၎င်းတို့ကို မဲဆွယ်ရာတွင် ရန်ပုံငွေအဖြစ် အသုံးပြုကြသည်။ ရွေးကောက်ပွဲဖြစ်စဉ်တွင် အစိုးရ၏ မှတ်ပုံတင်ကြေးကြောင့် လည်းကောင်း၊ ပါတီက သတ်မှတ်သော မှတ်ပုံတင်ကြေးအရလည်းကောင်း အမျိုးသမီးများ ရွေးကောက်ပွဲဝင်ရန် အတားအဆီးဖြစ်ကြရသည်။

အမျိုးသမီးကိုယ်စားလှယ်လောင်းများအပေါ် ပါတီများ၏ ပြုမှုဆက်ဆံပုံနှင့်ပတ်သက်၍ အင်တာဗျူးဖြေကြားသူတစ်ဝက်ခန့်က ၎င်းတို့၏ ပါတီများသည် အမျိုးသမီးများကို ဦးစားပေးကြောင်း ဖြေကြားကြသော်လည်း၊ ကျန်ရှိသူများက ဦးစားပေးသတ်မှတ်ချက်များအရ ၎င်းတို့ အရွေးချယ်မခံရကြောင်း ဆိုပါသည်။ သို့သော် မည်သည့်နိုင်ငံရေးပါတီမျှ အမျိုးသမီးကိုယ်စားလှယ်လောင်း အမည်စာရင်းအတွက် အရေအတွက်မည်မျှရှိရမည်ဟု သတ်မှတ်ထားခြင်းမရှိပေ။ NDF ကမူ တရားဝင်မူဝါဒမရှိသော်လည်း အမျိုးသမီးကိုယ်စားလှယ်လောင်း ၂၀ ရာခိုင်နှုန်း ပါဝင်သင့်သည်ဟု သတ်မှတ်ထားသည်ဟုဆိုသည်။

### *ပါတီနှင့် မိသားစုပံ့ပိုးမှု*

ရိုးရာလူ့အဖွဲ့အစည်းများတွင် မဲပေးမှုမှာ မျိုးနွယ်/မိသားစုဆင်းသက်မှု သို့မဟုတ် တိုင်းရင်းသားအုပ်စုအဖွဲ့ဝင် ပေါ်တွင်သာ အဓိကအခြေခံသည်။ ထိုသို့အခြေခံမှုမှာ ကိုယ်စားလှယ်လောင်းအတွက် ထောက်ခံမှုကို မျိုးနွယ်၊ အမျိုးသားများက ထိန်းချုပ်သော ပုံစံကသာ ပြဌာန်းသည်။ မည်သို့ဆိုစေ အဆိုပါ အမျိုးသားကွန်ရက်များသည် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို မျိုးနွယ်တစ်ခုလုံးက ထောက်ခံပေးမှုရရှိရန် ကူညီနိုင်သောကြောင့် အမျိုးသားများထောက်ခံပါက အမျိုးသမီးများ မဲပိုမိုရရှိနိုင်သည်။ ထို့အပြင် အမျိုးသားများအပါအဝင် မိသားစုဝင်များသည် ရန်ပုံငွေ၊ ယာဉ်၊ အကာအကွယ်ပေးမှု၊ စည်းရုံးရေးဆင်းရာတွင် အကူအညီပေးခြင်းများ ပံ့ပိုးနိုင်သည်။ အလိုအလျောက် အရေအတွက်သတ်မှတ်ပေးသည့် သီးခြားမူဝါဒမရှိသော်လည်း အမျိုးသမီးအများစုက ဖြေကြားရာတွင် ၎င်းတို့သည် အမျိုးသားလုပ်ဖော်ကိုင်ဖက်များထံမှ ငွေကြေးအကူအညီ၊ အကြံဉာဏ်နှင့် အထွေထွေအကူအညီများ လက်ခံရရှိကြကြောင်း ဆိုပါသည်။ မြန်မာနိုင်ငံရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းအဖြစ်လျှောက်လွှာတင်ရန် ကျပ်သုံးသိန်း (USD 250 ခန့်) တင်သွင်းရသည်။ ၎င်းသည် တစ်ဦးချင်းဝင်ငွေမရှိသော အမျိုးသမီးများအတွက် ငွေကြေးအခက်အခဲ ဖြစ်ရသည်။ အချို့အမျိုးသမီးများက အင်တာဗျူးများတွင် ၎င်းတို့၏ အခက်အခဲကို ဆွေးနွေးကြရာ ၎င်းတို့သည် ခင်ပွန်းကို မှတ်ပုံတင်ကြေးနှင့် နောက်ထပ်စည်းရုံးရေးဆင်းရာတွင် ကုန်ကျစရိတ်များကို ပံ့ပိုးရန် တောင်းဆိုကြရသည်ဟု ဆိုပါသည်။

အချို့အမျိုးသမီးများအတွက် မှတ်ပုံတင်ကြေးကို ၎င်းတို့၏ နိုင်ငံရေးပါတီများက ပေးသည်။ အင်တာဗျူးများတွင် အမျိုးသမီးကိုယ်စားလှယ်လောင်း ၃၂ ဦးအနက် ၆ ဦးက မှတ်ပုံတင်ကြေးနှင့် စည်းရုံးရေးဆင်းရာတွင် ကုန်ကျစရိတ်များကို ၎င်းတို့၏ ပါတီများက ပံ့ပိုးသည်ဟု ဆိုပါသည်။ ကျန်ရှိသူများမှာမူ ပါတီအမှုဆောင်များနှင့် အဖွဲ့ဝင်များက အသုံးဝင်မည့် အကြံဉာဏ်များနှင့် အထွေထွေပံ့ပိုးမှုများသာ ပေးကြသည်ဟုဆိုသည်။ ပါတီ၏ ပံ့ပိုးမှုများရှိသည်ဆိုသော်လည်း အမျိုးသမီးကိုယ်စားလှယ်လောင်းအများစုက ငွေကြေးကိစ္စ၊ မိသားစု အခြေအနေ၊ သွားရေးလာရေးတို့မှာ အဓိကအတားအဆီးများဖြစ်ပြီး အမျိုးသမီးကိုယ်စားလှယ်လောင်းဖြစ်ရန် ၎င်းတို့သည် ထိုအတားအဆီးများကို ကျော်ဖြတ်ရသည်ဟု ဆိုပါသည်။ ဖန်တီးအိမ်အဖွဲ့၏ မကြာမီက လေ့လာမှုတစ်ခုက အလေးအနက်ထားပြောသည်မှာ မိသားစု၏ ထောက်ပံ့မှုမရခြင်းသည် အမျိုးသမီးအတော်များများအား ကိုယ်စားလှယ်လောင်းအဖြစ်ရပ်တည်ရန် ခက်ခဲစေသည်ဟုဆိုပါသည်။ နိုင်ငံရေးသမားအဖြစ် လုပ်ကိုင်ခြင်းသည် မိသားစုတွင် အမျိုးသမီး၏အခန်းကဏ္ဍနှင့် ဝိရောဓိဖြစ်သည်ဟု ရှုမြင်သော မိသားစုများတွင် ဖြစ်ပါသည်။

## *မဲဆွယ်စည်းရုံးခြင်း*

နိုင်ငံရေးပါတီများက အမည်စာရင်းတင်သွင်းခြင်းခံရသော အမျိုးသမီးကိုယ်စားလှယ်လောင်းများသည် စည်းရုံးရေးဆင်းရာတွင် အမျိုးသားများထက် အခက်အခဲများကို ပိုမိုကြုံတွေ့ကြရသည်။ စည်းရုံးလှုံ့ဆော်ရေးအတွက် ရန်ပုံငွေသည် အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် တစ်ခုတည်းသော အရေးပါသည့် အတားအဆီး

တစ်ခုဖြစ်သည်။ လုံခြုံရေးမကောင်းခြင်းသည်လည်း အမျိုးသမီးများကို အမျိုးသားများနှင့် မတူပဲ နည်းလမ်းတစ်မျိုးဖြင့် သက်ရောက်မှုများရှိပါသည်။ ပဋိပက္ခလွန်ဒေသများတွင် လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ခြိမ်းခြောက်မှု ပိုမိုသိသာပါသည်။ ထို့အပြင် ရိုးရာဓလေ့အရ လူမှုဆက်ဆံရေးနှင့် မျှော်မှန်းချက်များကလည်း အမျိုးသမီးများအတွက် ထပ်ဆောင်း အကန့်အသတ်များသဖွယ်ဖြစ်သည်။ ဥပမာ - ညဖက်ခရီးမသွားနိုင်ခြင်း၊ ယာဉ်မောင်းငှားရမ်းရန် လိုအပ်ခြင်း၊ ခရီးသွားရာတွင် မိသားစုဝင်တစ်ဦးပါဝင်ရန် လိုအပ်ခြင်းတို့ဖြစ်သည်။

အချို့ကလည်း စည်းရုံးရေးအတွက် ပိုစတာများဖြင့် တိုက်ခိုက်ခြင်း၊ ဆိုရှယ်မီဒီယာများတွင် မမှန်မကန် ဖော်ပြခြင်း၊ ရပ်ရွာအဆင့်တွင် တိုက်ခိုက်ခြင်းများကို ထောက်ပြကြသည်။ ရခိုင်ပြည်နယ်မှ ကိုယ်စားလှယ်လောင်းတစ်ဦးက အင်တာဗျူးတွင် ဖော်ပြရာတွင် သူမ၏ ပိုစတာအားဖျက်ဆီးခဲ့ကြပြီး သူမ၏ဓါတ်ပုံတွင် ရိုင်းစိုင်းသောဘာသာစကားများနှင့်တွဲ၍ဖော်ပြကြသည်ဟု ဆိုပါသည်။ ခွဲခြားဆက်ဆံခံရခြင်းနှင့်ပတ်သက်၍ အမျိုးသမီးများ၏ အတွေ့အကြုံမှာ ကိုယ်စားလှယ်လောင်းတစ်ဦးနှင့် တစ်ဦးမတူပေ။ အချို့အမျိုးသမီးများက ၎င်းတို့၏ စာရိတ္တ၊ အဝတ်အစား၊ အိမ်ထောင်ရေးအနေအထားတို့အပါအဝင် ကျား-မကိုအခြေခံသော ခွဲခြားဆက်ဆံခံရခြင်းများရှိကြောင်းဖော်ပြကြသည်။ ထိုသို့သော ဝေဖန်မှုမျိုးများအား အမျိုးသားကိုယ်စားလှယ်လောင်းများကို လုပ်လေ့မရှိဟု ဆိုပါသည်။

ကိုယ်စားလှယ်လောင်းများကို တွေ့ဆုံမေးမြန်းရာတွင် အများစုက စည်းရုံးရေးကာလတွင် ကျား-မကိစ္စကို အာရုံမပြုခဲ့ကြပေ။ ကိုယ်စားလှယ်လောင်း ၃၂ ဦးကို မေးမြန်းရာ အမျိုးသမီးကိုယ်စားလှယ်လောင်း ၇ ဦးက အမျိုးသမီးများ၏ ရပိုင်ခွင့်များပိုရရန် ကတိပြုပြီး ၆ ဦးက လွှတ်တော်နိုင်ငံရေးအကြောင်းအရာအတွင်း အမျိုးသမီးနှင့် ကလေးကိစ္စများ မြှင့်တင်ပေးရန် ကတိပြုခဲ့ကြသည်။ အမျိုးသမီးမဲဆန္ဒရှင်များသို့ ပေးကြသော ကျားမနှင့်ဆိုင်သော သတင်းစကားများမှာ အမျိုးသမီးများ၏ ပြဿနာများကို ဖြေရှင်းပေးရန်၊ ကျားမကိုအခြေခံသော အကြမ်းဖက်မှုများလျော့ချရေး၊ အမျိုးသမီးရပိုင်ခွင့်များပိုမိုရရှိရေး၊ လွှတ်တော်တွင် ကိုယ်စားပြုမှုနှင့်ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် အမျိုးသမီးများပိုမိုထိတွေ့လာနိုင်ရေး၊ အမျိုးသမီးများအတွက် မဲပေးပိုင်ခွင့်များပါဝင်သည်။

## *မီဒီယာများတွင်ပါဝင်သော အမျိုးသမီးကိုယ်စားလှယ်လောင်းများ*

ရွေးကောက်ပွဲကာလတစ်လျှောက်တွင် ပုံနှိပ်မီဒီယာနှင့် အသံလွှင့်မီဒီယာအများစုသည် ဒေါ်အောင်ဆန်းစုကြည်၏ဓါတ်ပုံကို မျက်နှာဖုံးတင်ခြင်းနှင့် သူမ၏ မဲဆွယ်စည်းရုံးရေးဆင်းခြင်းအကြောင်းများကို မီးမောင်းထိုးဖော်ပြကြသည်။ အခြားအမျိုးသမီးကိုယ်စားလှယ်လောင်းများ၏ သတင်းများကိုမူ ပုံနှိပ်မီဒီယာတွင် ဖော်ပြလေ့မရှိပေ။ DVB နှင့် မဇ္ဈိမတို့ကဲ့သို့သော အသံလွှင့်မီဒီယာများမှာ ကျားမဆိုင်ရာတွင် အကဲဆတ်သော ရွေးကောက်ပွဲလုပ်ငန်းစဉ်အကြောင်း အမျိုးသမီးများနှင့်ပတ်သက်သော သီးခြားကဏ္ဍရှိပါသည်။ လူမှုရေးမီဒီယာတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများသည် ကျားမကို အခြေပြုသော ခွဲခြားဆက်ဆံခြင်းများ၏ သားကောင်ဖြစ်ရသည်။ ပို့စ်များတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို လိင်လုပ်သားများသဖွယ် သရုပ်ဖော်ခြင်း၊

၎င်းတို့၏ စာရိတ္တကိုတိုက်ခိုက်ခြင်း၊ သို့မဟုတ် ကျားမကို အခြေပြု၍ တိုက်ခိုက်ခြင်းများတွင် ပါဝင်ကြခြင်းများ ပါဝင်သည်။

## *အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲရလဒ်များ*

ရွေးကောက်ပွဲနေ့တွင် လွှတ်တော်များ၌ အမျိုးသမီးကိုယ်စားလှယ်လောင်း ၈၀၄ ဦးရှိသည့်အနက် ၁၄၉ ဦး ရွေးချယ်ခံရပါသည်။ ဤသည်မှာ အသစ်ရွေးကောက်တင်မြှောက်ခြင်းခံရသူ ၁၁၄၂ ဦး အနက် အမျိုးသမီး ၁၄၉ ဦး ပါဝင်ကာ လွှတ်တော်ကိုယ်စားလှယ်များ၏ ၁၃ ရာခိုင်နှုန်း (ခန့်အပ်သော တပ်မတော်မှကိုယ်စားလှယ် အရေအတွက်ကို ထည့်တွက်ထား) ရှိသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုရလိမ့်မည်။ လွှတ်တော်တစ်ခုစီအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ရွေးချယ်ခံရသော အမျိုးသမီးကိုယ်စားလှယ်များကို အောက်ဖော်ပြပါပုံ Figure 1 တွင် ဖေါ်ပြထားသည်။ ချင်း၊ ကယားနှင့် ရခိုင်ပြည်နယ်များမှ ပြည်နယ်လွှတ်တော်များတွင် အမျိုးသမီးကိုယ်စားလှယ်များ မပါဝင်ပါ။ တနင်္သာရီနှင့် စစ်ကိုင်းတိုင်းဒေသကြီးများမှ အမျိုးသားလွှတ်တော်သို့ ရွေးချယ်တင်မြှောက်ခံရသူများတွင် အမျိုးသမီးများမပါဝင်ပါ။

**Figure 2: လွှတ်တော်တွင် ရွေးကောက်ခံအမျိုးသမီးများ**



အသစ်ရွေးချယ်ခံရသော အမျိုးသားလွှတ်တော်တွင် ၁၆၈ နေရာအနက် ၂၄ နေရာကို အမျိုးသမီးများက အနိုင်ရပါသည်။ ပြည်သူ့လွှတ်တော်တွင် ၃၃၀ နေရာရှိသည့်အနက် ၄၄ နေရာ အနိုင်ရပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များတွင် အမျိုးသမီးများက ၇၈ နေရာ အနိုင်ရပါသည်။ ရွေးချယ်တင်မြှောက်ခံရသော အမျိုးသမီးကိုယ်စားလှယ်များကို ၎င်းတို့ ကိုယ်စားပြုသော ပါတီများအလိုက် အောက်တွင် ဖော်ပြထားပါသည်။









## စည်းရုံးမဲဆွယ်ရာတွင် ပါဝင်သော အမျိုးသမီးလုပ်အားပေးများ

မဲဆွယ်စည်းရုံးရာတွင်ပါဝင်ခဲ့သည့် လုပ်အားပေးအမျိုးသမီးများကို တွေ့ဆုံမေးမြန်းရာတွင် အများစုသည် ၂၀၁၀ နောက်ပိုင်းတွင်မှ နိုင်ငံရေးပါတီများသို့ ဝင်ရောက်လာကြရာ အကြောင်းပြကြသည်မှာ နိုင်ငံရေးကို စိတ်ဝင်စားလာခြင်း၊ ခေါင်းဆောင်တစ်ဦး သို့မဟုတ် ပါတီကိုသဘောကျခြင်း၊ ဒီမိုကရေစီ သို့မဟုတ် ကိုယ်ပိုင်ပြဌာန်းခွင့်ကို မြှင့်တင်လိုခြင်း သို့မဟုတ် မြေယာသိမ်းဆည်းခံရသူများကို ကူညီလိုခြင်းတို့ကြောင့်ဟု ဆိုကြသည်။ လုပ်အားပေး ၂၀ အနက် ၁၄ ဦးမှာ ပါတီအပေါ် သစ္စာရှိသူများဖြစ်ပြီး ပါတီကို ကတိကဝတ်ပြုထားသည့်သဖွယ် ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်သည်။ အခြားသူများမှာ ကိုယ်စားလှယ်လောင်းနှင့် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ကြသည်။ အုပ်စုလိုက်ဆွေးနွေးပွဲများက ထောက်ပြရာတွင် အမျိုးသမီးလုပ်အားပေး အများစုမှာ ပါတီအဖွဲ့ဝင်များဖြစ်ပြီး ရွေးကောက်ပွဲနိုင်ရမည်ဟု သံဓိဌာန်ရှိကြသူများ ဖြစ်သည်ဟုဆိုသည်။

၎င်းတို့ မဲဆွယ်ရာတွင် ပါဝင်နေစဉ်အတွင်း အမျိုးသမီးလုပ်အားပေးများသည် အမျိုးသမီးအဖွဲ့ခွဲအဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းထက်စာလျှင် ၎င်းတို့၏ နယ်မြေများမှ အမျိုးသားမိတ်ဆွေများနှင့် အတူပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။ သို့သော်လည်း Women Organizations Network (WON) ၊ Women Can Do It (WCDI) ၊ Women’s Political Actions (WPA) တို့သည် အမျိုးသမီးများကို မဲပေးပါဟူသော လှုပ်ရှားမှုများ လုပ်ဆောင်ခြင်း၊ မဲဆွယ်သည့်ကာလအတွင်း ရန်ပုံငွေရှာဖွေပွဲများ ကျင်းပခြင်းများ လုပ်ဆောင်ပါသည်။ အဆိုပါ

လုပ်ဆောင်မှုများတွင် ပါဝင်သောလုပ်အားပေးများသည် ပါတီစွဲမရှိသူ အမျိုးသမီးတက်ကြွလှုပ်ရှားသူများဖြစ်ပြီး အမျိုးသမီးကိုယ်စားလှယ်လောင်းများကို ပံ့ပိုးကြပါသည်။

အမျိုးသမီးလုပ်အားပေးအများစု မဲဆွယ်စည်းရုံးရေးတွင် ပါဝင်လေ့ရှိသည့်နည်းလမ်းများမှာ တစ်အိမ်တက်ဆင်း မဲဆွယ်ခြင်း၊ လက်ကမ်းစာစောင်များဝေခြင်း၊ ဖျော်ဖြေရေးပွဲများတွင်ပါဝင်ခြင်း၊ အများပြည်သူများကို မိန့်ခွန်းပြောခြင်းများတွင်ဖြစ်ပါသည်။ လုပ်အားပေးအားလုံးနီးပါးသည် မဲဆွယ်သည့်ကာလတွင် ၎င်းတို့၏ လုပ်ဆောင်မှုတွင် စိတ်အားထက်သန်စွာ လုပ်ကိုင်ကြသည်။

မဲဆွယ်သည့် ကာလအတွင်း လုပ်အားပေး ၂၀ အနက် ၆ ဦးကသာ အလားအလာရှိသော အမျိုးသမီး မဲဆန္ဒရှင်များသို့ အမျိုးသမီးခေါင်းဆောင်များ၏ သတင်းစကားများကို ထောက်ခံပြောကြားကြပြီး ကျန်သူများက အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ ကျားမတန်းတူညီမျှရေး၊ အမျိုးသမီးများအပေါ် ဥပဒေအရ အကာအကွယ်ပေါ်ရေး၊ နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှု အရေးကြီးပုံတို့ကို မီးမောင်းထိုး ပြောကြားကြသည်။ သို့သော်လည်း အနည်းငယ်သော လုပ်အားပေးအချို့က ၎င်းတို့သည် မဲဆွယ်စဉ် အမျိုးသမီးနှင့်ဆိုင်သော ကိစ္စရပ်များ သိပ်မပြောခဲ့ရဟု ဆိုသည်။ အကြောင်းမှာ ၎င်းတို့က အမျိုးသမီးကိစ္စရပ်နှင့် ဆက်စပ်ပြီး ပါတီကို မည်သို့ ဦးစားပေးရွေးချယ်ရမည် ကို မဲဆန္ဒရှင်များ ရှုတ်ထွေးသွားမည့်အကြောင်း စဉ်းစားခြင်းကြောင့်ဟုဆိုသည်။

အမျိုးသမီးလုပ်အားပေးအများစုက ၎င်းတို့၏ အောင်မြင်မှုများကို မီးမောင်းထိုးပြကြရာ အောင်မြင်သော မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများ၊ နိုင်ငံရေးတွင် အမျိုးသမီးများစိတ်ဝင်စားလာအောင် မြောက်များစွာစုစည်းနိုင်ခဲ့ခြင်း၊ စမ်းသပ်မဲဆွယ်ခြင်းများမှ တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံရရှိမှုများ၊ ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ခြင်းများ၊ ငယ်ရွယ်သော ပါတီအဖွဲ့ဝင်များကြား ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းများ၊ ထောက်ခံမည့်သူများကို ဆွဲဆောင်နိုင်ခဲ့ခြင်းများ၊ လူတန်းစားအမျိုးမျိုး၏ အသံကို နားထောင်နိုင်ခဲ့ခြင်းများပါဝင်သည်။ အမျိုးသမီးလုပ်အားပေးအများစုက ကျားမနှင့်ဆိုင်သော သီးသန့်စိန်ခေါ်မှုရှိခဲ့ကြောင်း မပြောခဲ့သော်လည်း တိုင်းရင်းသားများနှင့် ဘာသာရေးအရကွဲပြားသော နေရာများသို့ သွားရောက်ရာတွင် သယ်ယူပို့ဆောင်ရေးနှင့် လက်လှမ်းမီနိုင်ရေးမှာ မဲဆွယ်စဉ်ကာလတွင် စိန်ခေါ်မှုဖြစ်ခဲ့ကြောင်း ဆိုကြသည်။ အမျိုးသမီးအများစုက မဲဆွယ်စည်းရုံးရာတွင် လုပ်အားပေးအနေဖြင့် အတွေ့အကြုံအရ ကျားမကိုအခြေခံသော ခွဲခြားဆက်ဆံမှု လွတ်ကင်းခဲ့သော်လည်း အမျိုးသမီးစည်းရုံးရေးဆင်းသူများကို မညီမျှစွာ ပြုမူဆက်ဆံမှုများရှိနေဆဲဖြစ်ကြောင်း ဆိုပါသည်။

# ၄။ သုံးသပ်ချက်

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ၂၀၁၅ ရွေးကောက်ပွဲများသည် နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်နိုင်ရန်အတွက် စိတ်လှုပ်ရှားဖွယ် အခွင့်အလမ်းသစ်များကို လမ်းဖွင့်ပေးခဲ့သည်။ ဝေးလံခေါင်သီသော နယ်မြေများတွင် ရွေးကောက်ပွဲများကို လေ့လာစောင့်ကြည့်ခြင်းဖြင့်ဖြစ်စေ၊ ကိုယ်စားလှယ်လောင်းများအတွက် နာရီပေါင်းများစွာ မဲဆွယ်ပေးခြင်းဖြင့်ဖြစ်စေ၊ အောင်မြင်သော မဲဆွယ်စည်းရုံးမှုများကို ဆောင်ရွက်ခြင်းဖြင့် ဖြစ်စေ အမျိုးသမီးများသည် ရွေးကောက်ပွဲများ၏ အောင်မြင်မှုတွင် ကြီးကြီးမားမားပါဝင်ဆောင်ရွက်မှု ပြုလုပ်ခဲ့ကြသည်။ လွှတ်တော်အရပ်ရပ်တွင်လည်း မျှော်လင့်မထားသော နေရာအရေအတွက်ကို အနိုင်ရခဲ့ကြသည်။ သဘောထားစစ်တမ်းများတွင် အမျိုးသားကိုယ်စားလှယ်လောင်းများကို ပိုမိုသဘောကျကြောင်း ပြသနေသည့် တိုင်အောင် အမျိုးသမီးများသည်လည်း ယုံကြည်စိတ်ချရသော ကိုယ်စားလှယ်လောင်းများအဖြစ် မှတ်ယူနိုင် ကြောင်းကို ၎င်းတို့၏ လူသိများသော မဲဆွယ်စည်းရုံးမှုများက ညွှန်ပြနေသည်။

အမျိုးသမီးများ စွမ်းဆောင်ခဲ့သော သိသိသာသာ အောင်မြင်မှုများက ၎င်းတို့ရင်ဆိုင်နေရသော အတားအဆီး များ၏ နောက်ခံအကြောင်းအရာများကို ဆန့်ကျင်အံတုခြင်းဟု ယူဆနိုင်သည်။ ၂၀၁၀ ရွေးကောက်ပွဲများတွင် အမျိုးသမီးများကိုယ်စားပြုမှု အတော်အတန် တိုးတက်လာသည့်တိုင်အောင် ပါတီများ၏ အမျိုးသမီးကိုယ်စား လှယ်လောင်းတင်သွင်းမှုသည် အမျိုးသားကိုယ်စားလှယ်လောင်း အရေအတွက်ထက် များစွာလျော့နည်းနေဆဲ ဖြစ်ပြီး အမျိုးသမီးကိုယ်စားလှယ်လောင်း ၂၀ ရာခိုင်နှုန်းထက် ပိုမိုတင်သွင်းသော ပါတီမရှိသေးပေ။ ထို့အပြင် ပါတီအများစု၏ ကြေညာစာတမ်းများတွင် အမျိုးသမီးတို့၏ အရေးကိစ္စများကို အနည်းအကျဉ်းသာ ထည့်သွင်း ထားကြသည်။ ယင်းသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ပါတီခေါင်းဆောင်ပိုင်းနှင့် ဆုံးဖြတ်ချက်ပေးသော ကော်မတီများတွင် အမျိုးသမီးကိုယ်စားပြုမှု အကန့်အသတ်ရှိသောကြောင့် ဖြစ်သည်။ ယင်းသို့ ကိုယ်စားပြုမှု အကန့်အသတ်ရှိခြင်း၏ ရလာဒ်မှာ ကိုယ်စားလှယ်လောင်းများ၊ မူဝါဒချမှတ်သူများ၊ ပါတီခေါင်းဆောင်များ၊ ပါတီ လုပ်သားများ၊ ပါတီထောက်ခံသူများနှင့် မဟာမိတ်များအဖြစ် အမျိုးသမီးများ အပြည့်အဝပါဝင်လုပ်ဆောင် နိုင်မှုကို အသိအမှတ်ပြုရန် ပျက်ကွက်မှုဖြစ်သည်။

အမျိုးသမီးကိုယ်စားလှယ်လောင်းများနှင့် စည်းရုံးရေးတာဝန်ခံများ၏ အခွင့်အလမ်းများတိုးတက်လာမှုသည် အမျိုးသမီးမဲဆန္ဒရှင်အများစုအတွက် နိုင်ငံရေးနှင့် အရပ်ဖက်သင်းပင်း လှုပ်ရှားမှုများတွင် အခွင့်အလမ်းနည်း ခြင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်အား နားလည်သိရှိမှုနည်းခြင်းတို့အပေါ် လောင်းရိပ်မမိုးသင့်ပေ။ ကျင်းပပြီးစီးသော ရွေးကောက်ပွဲများက တိုင်းပြည်၏အရေးကြီးသော ရှေ့ခြေလှမ်းကိုထင်ဟပ်နေသော်လည်း အောက်ခြေအလွှာမှ အမျိုးသမီးများအတွက် နိုင်ငံရေးတွင် ထိထိရောက်ရောက် ပါဝင်နိုင်ရန် အသိပညာပေးခြင်းနှင့် ပံ့ပိုးအားပေးခြင်း အစီအစဉ်များတွင် လုပ်ဆောင်စရာများစွာကျန်ရှိနေသည်။ လာမည့်ရွေးကောက်ပွဲများနှင့် မဲဆွယ်ပွဲများ အပါအ

ဝင် နိုင်ငံရေးလှုပ်ရှားမှုများတွင် အမျိုးသမီးများပါဝင်မှုကို ထောက်ခံအားပေးရန် အကြံပြုချက်အချို့ကို နောက်တစ်ခန်းတွင် ဆွေးနွေးထားသည်။

# ၅။ အကြံပြုချက်များ

နိုင်ငံရေးနယ်ပယ်တွင် အထူးသဖြင့် မဲဆွယ်စည်းရုံးမှုနှင့် ရွေးကောက်ပွဲများတွင် အမျိုးသမီးများပါဝင်လှုပ်ရှားမှုကို အားပေးရာတွင် အောက်ပါအကြံပြုချက်များက အမျိုးသမီးများအား နိုင်ငံရေးအခွင့်အလမ်းများနှင့် ပိုမိုထိတွေ့ခွင့်ရအောင် အထောက်အကူပြုနိုင်ပါသည်။

## ဥပဒေနှင့် စည်းကမ်းပိုင်းဆိုင်ရာ မူဘောင်

- ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်များအဖြစ် အမျိုးသမီးများ၏ကဏ္ဍကို ရှင်းရှင်းလင်းလင်းဖွင့်ဆိုထားသော ကျား/မ မခွဲခြားသည့် အမျိုးသားအဆင့် ဥပဒေဆိုင်ရာ မူဘောင်ကို ရေးဆွဲရန်။
- အမျိုးသမီးများ၏ ပါဝင်မှုအတိုင်းအတာအတွက် ဖြစ်နိုင်သောပစ်မှတ်များနှင့်ပတ်သက်၍ လူဦးရေစာရင်းကောက်ယူရန်။
- သော့ချက်ကျ အရေးကြီးသော ရွေးကောက်ပွဲဥပဒေအကြောင်းအရာများကို အမျိုးသမီးများ သိရှိကြောင်း သေချာစေရန်။
- ရွေးကောက်ပွဲစီမံခန့်ခွဲမှု အဖွဲ့အစည်းများ၌ မူဝါဒချမှတ်သောရာထူးများတွင် အမျိုးသမီးများနေရာရမှု လွယ်ကူချောမွေ့စေရန်။
- ရွေးကောက်ပွဲဆိုင်ရာဝန်ထမ်းများ၏ ကျား/မ ညီမျှမှုကို ဖန်တီးဖို့ ရွေးကောက်ပွဲစီမံခန့်ခွဲမှု အဖွဲ့အစည်းများကို အားပေးရန်။
- ပါတီတွင်းရွေးချယ်ပွဲနှင့် လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲများအတွက် ဝေစုများသတ်မှတ်ဖို့ ပါတီများအား တွန်းအားပေးမည့် ဥပဒေချမှတ်ရေးကို စဉ်းစားရန်။
- အမျိုးသမီးကိုယ်စားပြုမှုကို မြင့်တင်ပေးမည့် အချိုးကျ PR စနစ် သို့မဟုတ် (သီးသန့် ဝေစုကဲ့သို့သော) ရွေးကောက်ပွဲစနစ်များအတွက် ဖြစ်နိုင်ချေကို လေ့လာရန်။
- အမျိုးသမီးများအား အထူးရည်ရွယ်ပစ်မှတ်ထားသော မဲဆန္ဒရှင်ပညာပေးအစီအစဉ်များကို လုပ်ဆောင်ရန်။

## အမျိုးသမီးများအား ကိုယ်စားလှယ်လောင်းအဖြစ် တင်သွင်းခြင်း

- နိုင်ငံရေးနယ်ပယ်သို့ ပိုမိုပါဝင်ပါတ်သက်လာနိုင်ရန် အခွင့်အလမ်းများကို အမျိုးသမီးများသိရှိအောင် ပြုလုပ်ရန်။
- နိုင်ငံရေးပါတီများတွင် ခေါင်းဆောင်ပိုင်းနှင့် ဆုံးဖြတ်ချက်ချမှတ်မှု အခွင့်အလမ်းများကို အမျိုးသမီးများ ရရှိနိုင်အောင် ပံ့ပိုးအားပေးရန်။
- တင်သွင်းမည့် အမျိုးသမီးကိုယ်စားလှယ်လောင်း အရေအတွက်ကို ဆန္ဒအလျှောက်တိုးမြှင့်ဖို့ နိုင်ငံရေး ပါတီများကို အားပေးရန်။
- ခေါင်းဆောင်ပိုင်းနေရာများကို ရယူလိုသော အမျိုးသမီးများအကြား ကျယ်ပြန့်သော ခေါင်းဆောင်မှု သင်တန်းနှင့် လမ်းညွှန်လှုပ်ရှားမှုများကို ပြုလုပ်ရန်။
- NGOs များ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် အမျိုးသမီးပါတီဝင်များအတွက် ပညာပေးသင်တန်းများကို ပြုလုပ်ရန် နည်းလမ်းများကို ပါတီများအား ဖြည့်ဆည်းပေးရန်နှင့် အားပေးရန်။
- အမျိုးသမီးနှင့် အမျိုးသားကိုယ်စားလှယ်လောင်းများအား ၎င်းတို့၏ အနာဂတ်လွှတ်တော် ကြီးကြပ်မှု လုပ်ငန်းတာဝန်များနှင့် ဆက်စပ်သော ကျား/မ ခွဲခြားမှုကိစ္စရပ်များအပေါ် လုံလောက်သော နောက်ခံ အချက်အလက်များကို ၎င်းတို့ကိုယ်တိုင် ရယူနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးရန်။
- နိုင်ငံရေးနယ်ပယ်သို့ အမျိုးသမီးများဝင်ရောက်မှုကို ဟန့်တားနေသည့်လုပ်ငန်း၊ မိသားစု၊ အသိုင်း အဝိုင်းဆိုင်ရာ အတားအဆီးများကို ဆန်းစစ်ရန်နှင့် ယင်းအတားအဆီးများ၏ ရိုက်ခတ်မှုကို လျှော့ချ ပေးမည့် နည်းလမ်းများကို ကြံဆရန်။

## မဲဆွယ်စည်းရုံးရေး လုပ်ဆောင်နေသော အမျိုးသမီးများ

- ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးမှုကို ထိထိရောက်ရောက်လုပ်ဆောင်နိုင်အောင် အမျိုးသမီးကိုယ် စားလှယ်လောင်းများကို ပြင်ဆင်ပေးရန်။ (ဥပမာ- ဝန်ထမ်းများခန့်အပ်ခြင်း၊ ရန်ပုံငွေစုဆောင်းခြင်းနှင့် ရွေးကောက်ပွဲမဟာဗျူဟာ အစီအစဉ်များအတွက် သင်တန်းပေးခြင်းအားဖြင့်)
- မိသားစုဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ ပညာရှင်များ၊ အခြားလခစားဝန်ထမ်းများအပါအဝင် ကျား/မမျှ တသော မဲဆွယ်စည်းရုံးရေးအဖွဲ့ကို ရွေးချယ်ရန် အရေးကြီးပုံကို ကိုယ်စားလှယ်လောင်းများ သိရှိအောင် ပြုလုပ်ရန်။
- အမျိုးသမီးကွန်ရက်ဖန်တီးမှုကို အားပေးရန်၊ အမျိုးသမီးကိုယ်စားလှယ်လောင်းများနှင့် စေတနာ့ဝန် ထမ်း စည်းရုံးသူများအကြား သွေးစည်းညီညွတ်သော ပံ့ပိုးထောက်မှုကို ကူညီရန်၊ ၎င်းတို့အကြား အစွန်းနှစ်ဖက်ကွဲပြားမှုကို တားဆီးရန်။

- မဲဆွယ်ပွဲအခမ်းအနားများသို့ အမျိုးသားများနည်းတူ အမျိုးသမီးများ တက်ရောက်ခွင့်ရှိကြောင်း သေချာအောင်ပြုလုပ်ရန်။
- စီးပွါးရေးအထောက်အပံ့၊ အသေးစားချေးငွေနှင့် ချေးငွေအစီအစဉ်များတွင် အမျိုးသမီးများ ပါဝင်ပတ်သက်လာရန် အခွင့်အလမ်းများ မည်သို့ဖန်တီးမည်ကို အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား အကြံပေးရန်နှင့် ထိုမှတဆင့် မဲဆွယ်စည်းရုံးမှုဆိုင်ရာ ဘဏ္ဍာရေးကိစ္စများတွင် အမျိုးသမီးများ ပါဝင်ထိတွေ့နိုင်အောင် အားပေးရန်။
- မဲဆွယ်စည်းရုံးမှုပြုလုပ်နေစဉ် မီဒီယာများနှင့် တန်းတူညီမျှ ထိတွေ့ခွင့်ရှိရေးကို အားပေးရန်နှင့် အထူးသဖြင့် အမျိုးသမီးများအတွက် တန်းတူညီမျှထိတွေ့ခွင့်ရှိရန်။
- မဲဆွယ်စည်းရုံးမှုကာလတစ်လျှောက် အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် အသံလွှင့်ထုတ်မှု အခွင့်အလမ်းများ ဖန်တီးပေးရန်အတွက် အများပြည်သူမီဒီယာကဏ္ဍအတွင်း လွတ်လပ်သောအဖွဲ့များ ထူထောင်ရေးကို ထောက်ခံအားပေးရန်။
- ကျား/မ ခွဲခြားမှုကိစ္စများကို သတင်းတင်ပြရေးနှင့် ဆုံးဖြတ်ချက်ပေးသောနေရာများမှ အမျိုးသမီးများကို သရုပ်ဖော်ခြင်းကဲ့သို့သော နိုင်ငံရေးကဏ္ဍရှိ အတုယူစရာ အမျိုးသမီးများအကြောင်း ဖော်ပြပေးရေးကို မီဒီယာများအား သင်ကြားလေ့ကျင့်ပေးရန်။

---

ပြီးဆုံးပါပြီ။

ဤအကဲဖြတ်အစီရင်ခံစာသည် ဥရောပသမဂ္ဂ၏ Step Democracy ပရောဂျက်မှတဆင့် ရန်ပုံငွေအထောက်အပံ့ဖြင့် ရေးသားတင်ပြခြင်းဖြစ်ပါသည်။